# รวมนิทานพื้นบ้านชาติพันธุ์อะไข่

ได้รับวรรณกรรมดีเด่นแห่งชาติประเภทวรรณกรรมเยาวชนเมื่อปี 1964

၁၉၆၃ - ခု စာပေဗိမာန် အနုပညာစာပေဆု

ကလေးသူငယ်ဆိုင်ရာစာပေ ဒုတိယဆု

ผู้เขียน-หล่ทุ อุละ

## ပေးလက်ပါပြင်ဖြား

เล่มที่ ပထမတွဲ



สำนักพิมพ์...จีบวาเย ส่าโอ้กได้ก์
ฉบับพิมพ์ปี..2019
จำนวนหน้า...268

ပထမအကြိမ် - ၁၉၆၃ ခုနှစ်၊ ဇွန်လ

ဒုတိယအကြိမ် - ၁၉၆၅ ခုနှစ်၊ ဧပြီလ

တတိယအကြိမ် - ၂၀၁၉ ခုနှစ်၊ မေလ

ပန်းချီ - ပေါ်ဦးသက်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၂၈၀၀ ကျပ်

ထုတ်ဝေသူ - ဦးငြိမ်းချမ်း (၀၀၃၀၆)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်
မန္တလေး။
ဖုန်း ၀၂ - ၄၀၃၉၇၁၇ ၊ ၄၀၆၀၁၃၆
၀၉ - ၉၇၁၉၃၇၇၃၇

ပုံနှိပ်သူ - ဦးငြိမ်းချမ်း (၀၀၂၂၁)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်
မန္တလေး။
ဖုန်း ၀၂ - ၄၀၃၉၇၁၇ ၊ ၄၀၆၀၁၃၆
၀၉ - ၉၇၁၉၃၇၇၃၇

၃၉၈.၂
လှ လှ ၊ ဦး ၊ လူထု -
ရခိုင်ကျေးလက်ပုံပြင်များ (ပထမတွဲ)/လူထုဦးလှ။ ၃ ကြိမ်။
မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်၊ ၂၀၁၉။
၂၇၆ စာ၊ ပုံများ၊ ၁၉ စင်တီ။
(၁) ရခိုင်ကျေးလက်ပုံပြင်များ (ပထမတွဲ)။

# ရှေ့နေဖီးကွက်

ရှေးလွန်လေပြီးသောအခါ နွားမ ၁ ကောင်နှင့် ကျားမ ၁ ကောင်သည် မိတ်ဆွေပြုကာ နေကြလေသည်။

အခါတစ်ပါး၌ အိုင်ငယ်တစ်ခုတွင် နွားမနှင့် ကျားမတို့သည် အတူတူရေသောက်ကြရာ၀ယ် နွားမ၏လျှာရည်များကို ကျားမ သောက်မိလေသည်။ ထိုအခါ အလွန်တရာချိုသောအရသာကို တွေ့မိလေရာ ကျားမသည် နွားမ၏အသွေးအသားများကို စားလိုသောစိတ်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဥပါယ်တစ်မျိုးဖြင့်ကြံကာ နွားမအား ကျားမက "အဆွေနွားမ ငါသည် တစ်ရက်သောနေ့၌ တစ်ခုသောချုံအောက်တွင် အိပ်ပျော်နေစဉ် အဆွေနွားမကိုစားရသည်ဟု အိပ်မက်မြင်မက်သည်၊ ထိုအိပ်မက်အရ ယခု အဆွေ့ကို ငါစားအံ့"ဟု ဆိုလေသည်။

ထိုအခါ နွားမက "အဆွေကျားမ အိပ်မက်အရ ငါ့ကို သင် မစားထိုက်"ဟု ဆို၏။ ကျားမက "အိပ်မက်အရ သင့်ကို ငါစားထိုက် သည်၊ စားအံ့"ဟု ဆိုပြန်လေသည်။

ထိုအခါ နွားမက "ကောင်းပြီ အဆွေကျားမ အဆွေ၏အိပ်မက် အရ စားထိုက်လျှင် ငါ့ကိုစားနိုင်သည်၊ သို့သော် ဤတရားကို ဆုံးဖြတ်ပေးရန် ငါတို့၏ဘုရင်ခြသေ့်မင်းထံသို့ အဆုံးအဖြတ်ခံရန် သွားကြအံ့၊ အကယ်၍ ခြသေ့်မင်းက စားထိုက်သည်ဟုဆိုလျှင် အသင် ငါ့ကိုစားပါ"ဟု ဆိုလေသည်။

ထိုသို့ နွားမကဆိုလျှင် ကျားမလည်းသဘောတူကာ နွားမနှင့် ကျားမတို့သည် ခြသေ့်မင်းထံသို့သွားကြလေသည်။ နွားမနှင့် ကျားမ တို့သည် ခြသေ့်မင်းထံသို့ရောက်လေလျှင် နွားမက "အို အရှင်ခြသေ့်မင်း ဤကျားမသည် တစ်နေ့သောအခါ တစ်ခုသောချုံအောက်၌ အိပ်ပျော် နေစဉ် အကျွန့်ကိုစားသောက်ရသည်ဟု အိပ်မက်မြင်မက်ပါသည်ဟု ဆိုပါသည်။ ထိုအိပ်မက်အရ သူက အကျွန့်ကိုစားလိုပါသည်။ ထိုအိပ် မက်အရ ဤကျားမသည် အကျွန့်ကို စားထိုက် မစားထိုက် အဆုံး အဖြတ်ပေးတော်မူပါ"ဟု ဆိုလေသည်။

ထိုအခါ ခြသေ့်မင်းက "ကျားမ၏အိပ်မက်အရ နွားမကိုစားထိုက် သည်၊ ကျားမသည် နွားမကိုစားစေ"ဟု ဆုံးဖြတ်လေသည်။

နွားမသည် ထိုခြသေ့်မင်း၏အဆုံးအဖြတ်ကို မကျေနပ်သော ကြောင့် "အရှင်ခြသေ့်မင်း အရှင်၏အမိန့်အတိုင်း နာခံပါမည်၊ သို့သော် အကျွန့်အား ရှေ့နေရှာရန်အတွက် ၇ ရက်လောက် အခွင့်ပေးသနားတော် မူပါ၊ အကယ်၍ ၇ ရက်နှင့် ရှေ့နေရှာကြံ၍မရပါလျှင် အကျွန့်ကို ဤကျားမသည် စားပါစေတော့"ဟု လျှောက်တင်လေသည်။

ထိုအခါ ခြသေ့်မင်းက န္ဒားမအား ရှေ့နေရာရန် ၇ ရက် ခွင့်ပြုလိုက်သည်။

န္ဒားမသည် ရှေ့နေလိုက်လံရှာဖွေသော်လည်း ငါးရက်တိုင်တိုင် မရရှိဘဲနေသောကြောင့် ခြောက်ရက်မြောက်သောနေ့၌ စိတ်ညစ်ညစ်နှင့် တစ်ခုသောချုံထဲသို့ ဝင်တိုးလေသည်။

ထိုအခါ ၎င်းချုံထက်၌နားနေသော ဇီးကွက်ငှက်ကလေး ၁ ကောင်ကမြင်၍ "အို...အဆွေန္ဒားမ အလွန်တရာစိတ်မချမ်းသာဟန်ကို မြင်ရ၏ တကား၊ ဘာဇာဖြစ်သနည်း"ဟု မေးလေသည်။

န္ဒားမက "ငါစိတ်မချမ်းသာသည်ကို အသင့်အားပြောပြ၍ အသင်ဇီးကွက်က ဇာ(ဘာ)တတ်နိုင်အံ့နည်း၊ အလကားစိတ်ညစ်ရသည့် အထဲမှာ လာမရှုပ်စမ်းနှင့်၊ သွားပါ"ဟု ဆိုလိုက်လေသည်။

ထိုအခါ ဇီးကွက်ကလေးက "အို...အဆွေန္ဒားမ လောကမှာ ငယ်သည်၊ ကြီးသည် ပမာနမဟုတ်၊ သတ္တဝါတစ်ဦး၌ အသုံးကျမည့် ဉာဏ်ပညာတစ်ခုရှိတတ်ပါသည်၊ အဆွေ၏စိတ်မချမ်းသာပုံကိုသာ ပြောပြပါ၊ ငါကူညီနိုင်က ကူညီပါမည်"ဟု ဆိုပြန်လေသည်။

ထိုအခါ န္ဒားမက ဤဇီးကွက်ကလေး၏စကားသည် ဟုတ်တန်သလောက်ဟုတ်၏။ ဤဇီးကွက်ကလေးအား ငါ၏အကြောင်းကို ပြောပြခြင်းအားဖြင့် အကျိုးမယုတ်တန်ရာဟု အောက်မေ့သည်။ ထို့ကြောင့် ဇီးကွက်ကလေးအား န္ဒားမက "အို... အဆွေဇီးကွက် ငါသည် အခါ တစ်ပါး၌ ကျားမတစ်ကောင်နှင့် မိတ်ဆွေပြုကာနေ၏၊ တစ်ရက်၌ ၎င်းကျားမသည် ချုံထဲ၌အိပ်ပျော်စဉ် ငါ့ကိုစားသောက်ရသည်ဟု အိပ်မက်မြင်မက်သည်။ ထိုအိပ်မက်အရ ငါ့ကိုစားမည်ဟု ၎င်းကျားမက ဆို၏၊ ထိုအခါ ငါက အိပ်မက်အရ ငါ့ကိုမစားထိုက်ဟု ဆိုသော်လည်း

ကျားမက စားထိုက်သည်ဟုပင်ဆို၏၊ ထို့ကြောင့် ငါနှင့် ကျားမသည် ခြသေ့်မင်းထံသို့သွားကာ ကျားမ၏အိပ်မက်အရ ငါ့ကို ကျားမက စားထိုက်, မစားထိုက်ကို လျှောက်တင်လေသော် ခြသေ့်မင်းက ငါ့ကို ကျားမက စားထိုက်သည်ဟုပင် ဆုံးဖြတ်၍ပေးပြန်၏၊ ၎င်းဆုံးဖြတ်ချက်ကို ငါကမကျေနပ်သဖြင့် ရှေ့နေရရန် ခုနစ်ရက်ခွင့်တောင်းကာ ရှေ့နေရှာကြံပါသော်လည်း ယနေ့ဆိုလျှင် ခြောက်ရက်ပင်ရှိခဲ့ပြီ၊ ရှေ့နေလည်း မရပါ၊ မနက်ဖြန် ငါသည် ကျားမ၏အစာ ဖြစ်ရတော့မည်၊ ထို့ကြောင့် ငါစိတ်မချမ်းသာခြင်း ဖြစ်နေပါသည်"ဟု ဆိုလေသည်။

နွားမ၏စကားကိုကြားလျှင် ဇီးကွက်ကလေးသည် ဟားတိုက်၍ရယ်ကာ "အို..အဆွေနွားမ ဤသို့ဆိုလျှင် အသင်ဘာမှမပူပင်ပါနှင့်၊ မနက်ဖြန် ခြသေ့်မင်းထံသို့ အကျွန်ုပ်လာရောက်ပြီး အဆွေနွားမဘက်မှ ရှေ့နေအဖြစ် ဆောင်ရွက်ပေးပါမည်"ဟုဆိုကာ တခြားသို့ပျံသွားလေသည်။

နံနက်မိုးလင်းသောအခါ နွားမသည် ခြသေ့်မင်းထံသို့သွားကာ ရှေ့နေရှာ၍ရခဲ့ကြောင်း၊ ယနေ့ပင် ရောက်လာလိမ့်မည်ဖြစ်ကြောင်း လျှောက်တင်လေသည်။ ထိုအခါ ကျားမလည်း နွားမကိုစားရန် ရောက်လာလေသည်။

ထိုအချိန်တွင် ခြသေ့်၏ဂူထက်မှ ဇီးကွက်ငှက်ငယ်တစ်ကောင်သည် လူးလိမ့်ကျလာပြီးလျှင် "ခြသေ့်မင်း၏ သမီးတော်ကိုပေး၊ ခြသေ့်မင်း သမီးတော်ကိုပေး"ဟု အော်ဟစ်လေသည်။

ထိုအသံကိုကြားရသော် ခြသေ့်မင်းက, "ဟော့ဇီးကွက် မောင်မင်းသည် ငါ၏သမီးတော်ကို ဘာအတွက်တောင်းသနည်း"ဟု မေးလေသည်။

ထိုအခါ ဇီးကွက်က "မှန်ပါ အရှင်ခြင်္သေ့မင်း ကျွန်တော်မျိုးသည် အရှင်၏ဂူပေါ်မှာ ခဏကလေးအိပ်ပျော်နေစဉ် အရှင်၏သမီးတော်နှင့် လက်ထပ်မင်္ဂလာပြုရသည်ဟု အိပ်မက်မြင်မက်ပါသဖြင့် အရှင်၏ သမီးတော်ကို ကျွန်ုပ်ရထိုက်ကြောင်း တောင်းရခြင်းဖြစ်ပါသည်"ဟု လျှောက်တင်လေသည်။ ဇီးကွက်လျှောက်တင်သည်ကို ဒေါသထွက်စွာဖြင့် "ဟေ့ ဇီးကွက်ဆိုး အိပ်မက်မြင်မက်ခြင်းဖြင့် ငါ၏သမီးတော်ကို သင့်အား ငါမပေးနိုင်၊ အိပ်မက်မက်ခြင်းဖြင့်လည်း မရထိုက်"ဟုဆို၏။ ခြင်္သေ့မင်း၏စကားဆုံးလျှင် ဇီးကွက်ကလေးက "မှန်ပါ၊ အိပ်မက်မက်ခြင်းဖြင့် အရှင်၏သမီးတော်ကို ကျွန်တော်မျိုးမရထိုက်ဟုဆိုပါလျှင် ယခု အရှင်၏ရှေ့မှောက်၌ ရောက်ရှိနေကြကုန်သော ဤကျားမ၏ အိပ်မက်အရ ဤနွားမကို စားထိုက်ပါမည်လော၊ အကယ်၍ စားထိုက်ခဲ့လျှင် အကျွန်ုပ်လည်း အရှင်၏သမီးတော်ကို ရထိုက်ပါသည်"ဟု ရဲရဲရင့်ရင့် ပြန်လည်လျှောက်တင်လေသည်။

ထိုအခါ ခြင်္သေ့မင်းကြီးက "အိပ်မက်မက်ခြင်းဖြင့် ကျားမကလည်း နွားကိုမစားထိုက်၊ မစားရ၊ အသင်ဇီးကွက်အားလည်း ငါ၏ သမီးတော်ကို မပေးထိုက်၊ မပေးနိုင်"ဟု ဆိုပြန်လေသည်။

ထို့ကြောင့် နွားမသည် ရှေ့နေအလိုက်ကောင်းသော ဇီးကွက်ကြောင့် ကျားစာမှလွတ်မြောက်သွားလေသတည်း။

။❖။